

Translator-Akkhara Team
နတ်ဆိုးများကို ဖူးထောက်စေသူ
စာစဉ်-၁၂

# နတ်ဆိုးများကို ဒူးထောက်စေသူ
# အခန်း (၁၁၁)
# ဤဂြိုဟ်ပေါ်တွင် အစွမ်းအထက်ဆုံး
# သက်ရှိ

*

အမည် - လုချန်

ခွန်အား - ၁၅ဂ,၆၁ဂ,၁ဂဂ

စိတ်စွမ်းအား - ၁၅ဂ,၆၁ဂ,၁ဂဂ

ဝိညာဉ်စွမ်းရည်   -   နားလည်သဘောပေါက်နိုင်

စွမ်း အမြင့်ဆုံးအဆင့်
အခြေခံခွန်အားမှာ ၁၂,၀၄၈,၈၀၈ တန်သို့ ရောက်ရှိသွားပြီ ဖြစ်သည်။

ယခုအခါ သူ၏ အမြင့်ဆုံး တိုက်ခိုက်ရေးစွမ်းရည်မှာ တန်ချိန် ၁၉.၈ ဘီလီယံ ကျော်လွန်နေပြီ ဖြစ်သည်။ သူက သက်ပြင်းကို ဖြည်းညှင်းစွာ မှုတ်ထုတ်လိုက်သည်။

"အခုဆိုရင်တော့ ဥက္ကဌချန်ကိုတောင် မကြောက်မရွံ့ဘဲ ရင်ဆိုင်နိုင်ပြီ"

ဥက္ကဌချန်မှာ ထူးချွန်သည့် ပုဂ္ဂိုလ်တစ်ဦး ဖြစ်ကြောင်း လုချန် သိသော်လည်း လောဘဟူသည် လူသားတို့၏ မွေးရာပါ ဗီဇပင် ဖြစ်သည်။ လုံး၀ ဥသုံ စင်ကြယ်သော သူတော်စင်ဟူသည် ဤလောကတွင် မရှိပေ။ ထို့ကြောင့် အစွမ်းထက်သော ပြိုင်ဘက်နှင့် ရင်ဆိုင်ရလျှင် သူက အစွမ်းကုန် သတိထားရ

မည်။ အထူးသဖြင့် သူ၏ အခြေအနေများသာ ပေါက်ကြားသွားပါက မနာလိုမှုကြောင့် ရှုးသွပ်သွားမည့် ပညာရှင်အိုကြီးများ မည်မျှရှိမည်ကို မသိနိုင်ပေ။ သူက မည်သည့် မမျှော်လင့်ထားသော အခြေအနေကိုမဆို ကိုင်တွယ်နိုင်ရန် အမြဲအသင့်ရှိနေရမည်။

လုချန်၏ မျက်နှာထားမှာ တည်ငြိမ်ပြီး ပြတ်သားနေသည်။ ထို့နောက်တွင်မူ ပင်လယ်နက်ပိုင်း အရှင်သခင် ဥဂြိုဟ်ပေါ်တွင် အစွမ်းအထက်ဆုံး သက်ရှိဟု တင်စားကြသော ထိုအရာပင်။

"မင်း စောင့်နေလိုက်ဦး... မကြာခင် ငါ မင်းကို လာကိုင်တွယ်တော့မယ်"

ထို့နောက် လုချန်က အိပ်ခန်းထဲသို့ ဝင်ကာ ကုတင်ပေါ်တွင် လှဲချလိုက်ပြီး အိပ်ပျော်သွားတော့သည်။ မာရသွန် အပြေးသမားတစ်

ယောက် နောက်ဆုံး ပန်းဝင်သွားသကဲ့သို့ပင် သူက မကြုံစဖူး ထူးကဲသော စိတ်လက်ပေါ့ပါးမှု ကို ခံစားလိုက်ရသည်။ လုချန်က ၇ နာရီခန့် အိပ်ပျော်သွားခဲ့ပြီး နေ့လယ်ပိုင်းတွင်မှ ပြန်နိုး လာသည်။ သူ ရေမိုးချိုး အဝတ်အစားလဲကာ အခန်းထဲမှ ထွက်လာခဲ့သည်။ နှစ်ရက်ကြာ ကျင့်ကြံခြင်းမှာ ပြီးဆုံးသွားခဲ့ပြီဖြစ်ပြီး သူ၏ ရည်မှန်းချက်ကိုလည်း အပြည့်အဝ အောင်မြင်ခဲ့ ပြီ ဖြစ်သည်။

သို့သော်လည်း သူ၏ စိတ်ထဲတွင် တောက် တောက် တောက် နှင့် အချိန်မှတ်သံတစ်ခုကို ခပ် သဲ့သဲ့ ကြားနေရသည်။ ၎င်းမှာ Sign-in လုပ်ရန် မမေ့လျော့စေရန် Systemအား သူ သတ်မှတ် ခိုင်းထားသော အချိန်မှတ်နာရီပင်။ လုချန်က သူ၏ စိတ်စွမ်းအားကို ဖြန့်ကျက်လိုက်ပြီး မိဘ များကို ရှာဖွေလိုက်သည်။ မိခင်ဖြစ်သူမှာ

ညော့ခန်းထဲတွင် အဒေါ်များ၊ ဦးလေးများနှင့် စကားကောင်းနေသည်။ ဖခင်ဖြစ်သူ လုယွမ်မှာမူ အိမ်မှာမရှိပေ။ သူက ဓာတ်ခွဲခန်းသို့ သွားကာ သူ၏ သုတေသနလုပ်ငန်းများကို စတင်ရန်နှင့် လုပ်ဖော်ကိုင်ဖက်များနှင့် မိတ်ဆက်ရန် အလွန်ပင် စိတ်အားထက်သန်နေခဲ့သည်။ လုချန်က မိခင်နှင့် ဆွေမျိုးများကို နှုတ်ဆက်လိုက်သည်။

"သား... ကျင့်ကြံတာ ပြီးပြီလား"

သားဖြစ်သူကို မြင်သည်နှင့် ဆုန့်ယွဲက အံ့သြဝမ်းသာစွာ ပြောလိုက်သည်။

"ဟုတ်ကဲ့ မေမေ... ဒီနေ့ နေ့လယ် ချွန်ဝေနဲ့ အပြင်သွားမလို့... ညစာလည်း အိမ်မှာ ပြန်စားဖြစ်မှာ မဟုတ်ဘူး"

အဒေါ်များနှင့် ဦးလေးများက တစ်ဦးကိုတစ်ဦး ကြည့်ကာ အဓိပ္ပာယ်ပါပါ ပြုံးလိုက်ကြသည်။ ဆုန့်ယွဲ၏ မျက်နှာတွင်လည်း နူးညံ့သော အပြုံး

တစ်ခု ပွင့်လန်းလာသည်။

"အေးပါ... အေးပါ... သား ကံကောင်းပါစေနော်"

လုချန်က မျက်မှောင်ကြုတ်မိသွားသည်။ သူက အနည်းငယ်တော့ ဇဝေဇဝါ ဖြစ်သွားရသည်။ သူက သားရဲသွားသတ်မှာလည်း မဟုတ်ဘဲနှင့် ဘာကြောင့် ကံကောင်းပါစေဟု ဆုတောင်းပေးကြသည်ကို သူ နားမလည်ပေ။ စဉ်းစားမရသဖြင့် လုချန်လည်း ဂရုမစိုက်တော့ဘဲ အပြင်သို့ ထွက်လာခဲ့သည်။ သူက အိမ်တော်မှ ကားတစ်စီးကို ယူကာ လော့ချွန်ဝေ၏ ဗီလာသို့ တန်းတန်းမတ်မတ် မောင်းထွက်လာခဲ့သည်။ သူမ ဘယ်မှာ နေသည်ကို သူ သိထားပြီး ဖြစ်သည်။

သူက ဖုန်းခေါ်လိုက်သောအခါ လော့ချွန်ဝေမှာ ပြင်ဆင်နေဆဲ ဖြစ်သည်။ သူမ နောက်ထပ် မိနစ်

သုံးဆယ်ခန့် လိုဦးမည်ဟု ပြောသဖြင့် လုချန် အပြင်တွင် စိတ်ရှည်စွာ စောင့်နေလိုက်သည်။

သူ၏ စိတ်စွမ်းအားဖြင့်ဆိုပါက ယခုအခါ A1 အခြေစိုက်မြို့တော် တစ်ခုလုံးနှင့် ပတ်ဝန်းကျင်ရှိ တောရိုင်းနယ်မြေများကိုပါ အလွယ်တကူ လွှမ်းခြုံထားနိုင်သည်။ သူ၏ မွေးရာပါ ဝိညာဉ်အာရုံက တစ်မြို့လုံးကို ဝေ့ဝဲကြည့်လိုက်သောအခါ အစွမ်းထက်သော အငွေ့အသက်အများအပြားကို ချက်ချင်း ခံစားမိလိုက်သည်။

ဤမြို့ထဲတွင်ပင် အဆင့်B ကျွမ်းကျင်သူ ၁၀ ယောက်ရှိနေသည်။ ထို့ပြင် မဟာမိတ်ဌာနချုပ် အဆောက်အအုံအတွင်း၌ ရှောင်ဝမ်လုံ၏ ဟိန်းဟောက်နေသော အသက်စွမ်းအားကြီးကိုလည်း သူ ခံစားမိလိုက်သည်။ လုချန်၏ ခန့်မှန်းချက်အရ ရှောင်ဝမ်လုံ၏ အခြေခံခွန်အားမှာ အနည်းဆုံး ၁.၂ ဘီလီယံတန်ခန့် ရှိပေလိမ့်မည်။

သူက စမ်းသပ်မှု မျှော်စင်ကို အသုံးပြုထားခြင်းလည်း ဖြစ်နိုင်သည်။ လုချန် တွက်ချက်ကြည့်လိုက်ရာ လူတစ်ယောက်က သူ၏ ကျင့်ကြံမှု အဆင့်တိုင်းတွင် စမ်းသပ်မှု မျှော်စင်၏ ခြောက်ဆင့်လုံးကို အောင်မြင်ခဲ့မည်ဆိုပါက အဆင့်B ဒသမအလွှာသို့ ရောက်ချိန်တွင် အခြေခံခွန်အားမှာ ၁.၈ ဘီလီယံခန့် ရှိလိမ့်မည်။ ၎င်းမှာ စမ်းသပ်မှု မျှော်စင်ကို မသုံးဖူးသော သာမန် အဆင့်-B ကျွမ်းကျင်သူထက် ခြောက်ဆခန့် ပို၍ မြင့်မားနေခြင်း ဖြစ်သည်။

သို့သော်လည်း လူသားများအနေဖြင့် စမ်းသပ်မှု မျှော်စင်ကို အသုံးပြုခွင့်ရသည်မှာ မကြာသေးပေ။ ထို့ကြောင့် ရှေးမျိုးဆက် စစ်သည်တော်များအတွက်မူ ၎င်းက ကြီးမားသော အထောက်အကူ ဖြစ်လာဦးမည် မဟုတ်သေးပေ။ ထို့ပြင် စမ်းသပ်မှု မျှော်စင်၏ အဆင့်တိုင်း

ကို ခြောက်ဆင့်လုံး အောင်မြင်ရန်မှာ ပြော သလောက် မလွယ်ကူလှပေ။ ထို့ကြောင့် ရှောင် ဝမ်လုံတို့တွင် အခြေခံခွန်အားကို မြှင့်တင်ပေး မည့် အခြားသော ရတနာများ ရှိနေရမည်။

ရှောင်ဝမ်လုံ၏ အခြေခံမှာ ၁.၂ ဘီလီယံ ရှိနေ လျှင် ဥက္ကာဋ္ဌမှာမူ ပို၍ပင် အစွမ်းထက်ပေ လိမ့်မည်။ သူ၏ အခြေခံမှာ ၂ ဘီလီယံ ကျော် လွန်နေနိုင်သည်။ သူ၏ ဝိညာဉ်စွမ်းရည်ဖြစ် သော စစ်နတ်ဘုရား ပြန်လည်ရောက်ရှိခြင်း က ၂၅ ဆ မြှင့်တင်ပေးမည်ဖြစ်ရာ သူ၏ တိုက်ခိုက် ရေးစွမ်းရည်မှာ ဘီလီယံ ၅၀သို့ ရောက်ရှိသွား မည်။ ၎င်းကို ကောင်းကင်ခွဲ နတ်ဓားသိုင်း ၏ ၈ဆ တိုးမြှင့်မှုနှင့် ထပ်ပေါင်းလိုက်လျှင်မူ သူ၏ အမြင့်ဆုံး ခွန်အားထွက်ရှိမှုမှာ အံ့အားသင့် ဖွယ်ရာ ဘီလီယံ ၄၀၀ အထိ ရှိနေပေလိမ့်မည်။

၎င်းမှာ ဥက္ကာဋ္ဌနှင့် ရှောင်ဝမ်လုံတို့တွင် အခြား

သော အစွမ်းထက် ရတနာများ ရှိနေနိုင်သည်ကို ထည့်မတွက်ထားရသေးပေ။ သေချာပေါက် သူတို့တွင် ရှိနေမည် ဖြစ်သည်။ နှိုင်းယှဉ်ကြည့်မည်ဆိုပါက လုချန်၏ ယနေ့ အမြင့်ဆုံး တိုက်ခိုက်ရေးစွမ်းရည်မှာ ၁၉ ဘီလီယံခန့်သာ ရှိသေးသည်။ သို့သော်လည်း သူက မိမိ၏ အနာဂတ်အပေါ် ယုံကြည်မှု အပြည့်ရှိသည်။

လုချန်သည် ရှောင်ဝမ်လုံက တစ်ခုခုကို သတိထားမိသွားမည်ကို စိုးရိမ်မိသော်လည်း မည်သူကမျှ သူ၏ ခွန်အားအစစ်အမှန်ကို တမင်တကာ လာရောက် စုံစမ်းခြင်းမျိုး မရှိခဲ့ပေ။ မိနစ်သုံးဆယ်မှာ မျက်တောင်တစ်ခတ်အတွင်း ကုန်ဆုံးသွားခဲ့သည်။ လုချန်က စဉ်းစားရင်းဖြင့် သူက ကမ္ဘာပေါ်တွင် အစွမ်းထက်ဆုံးသူ မဟုတ်သေးပါလားဟု သဘောပေါက်လိုက်သည်။ ထိုဥက္ကဋ္ဌကြီးသည်ပင် ဤမျှ စွမ်းအားကြီး

နေသော်လည်း ပင်လယ်နက်ပိုင်း အရှင်သခင်ကို မအောင်မြင်နိုင်ခဲ့ပေ။ ထိုသားရဲကြီးမှာ ဤဂြိုဟ်ပေါ်တွင် တကယ့် အစွမ်းထက်ဆုံး သက်ရှိဖြစ်ပြီး သူ့အတွက် တကယ့် ခြိမ်းခြောက်မှုကြီးဖြစ်နေသည်။

ဒီလို တွေးမိလိုက်တော့ လုချန်၏ ရင်ထဲတွင် တင်းကျပ်သွားရသည်။ သူက အရပ်ဆယ်မျက်နှာ သုတ်သင်ခြင်း ဓားသိုင်း ကို နဝမအဆင့် သို့မဟုတ် ဒသမအဆင့် အထွတ်အထိပ်သို့ ရောက်အောင် အရင်ဆုံး လေ့ကျင့်ရမည်။ ထိုအခါမှသာ သူတို့နှင့် ရင်ဆိုင်နိုင်မည်ဖြစ်သည်။ မဟုတ်ပါက သူသည် မိမိ၏ စွမ်းအားများကို မထုတ်ဖော်သေးဘဲ လျှို့ဝှက်ထားရဦးမည်။

ထို့ပြင် လုချန် သတိပြုမိသည်မှာ A1 တစ်မြို့လုံးနှင့် တောရိုင်းနယ်မြေများတွင် ဥက္ကာခဲ၏

အရိပ်အယောင်မျှပင် မရှိခြင်း ဖြစ်သည်။ သူက ဤမြို့မှာ ရှိမနေခြင်း သို့မဟုတ် တစ်နေရာ ရာတွင် လှိုု့ဝှက်စွာ ရှိနေခြင်း ဖြစ်ပေလိမ့်မည်။ နောက်ဆုံးတွင် လော့နျန်ဝေက ဗီလာထဲမှ ထွက် လာခဲ့သည်။ သူမက အမြဲတမ်းကဲ့သို့ပင် နတ်မိ မယ်လေးတစ်ပါးသဖွယ် လှပလွန်းနေသည်။ သူမကို ကြည့်လိုက်ရုံနှင့်ပင် လုချန်၏ စိတ်များ အလိုလို တည်ငြိမ်သွားရသည်။ သူ ကားပေါ်မှ ဆင်းကာ သူမအတွက် တံခါးဖွင့်ပေးလိုက်သည်။ လော့နျန်ဝေက သူ့ကို ချစ်ခင်စုံမက်စွာ ကြည့် လိုက်သည်။

"လုကတော်လေး... ဘယ်ကို သွားချင်ပါသလဲ"

လုချန်က စနောက်ကာ မေးလိုက်သည်။

"ရောက်တဲ့နေရာပဲ သွားကြတာပေါ့" လော့နျန် ဝေက ပြောသည်။ "သွားရမယ့် နေရာကို အသေ သတ်မှတ်ထားတာကလည်း သိပ်တော့ မ

ကောင်းဘူးလေ"

"အဲဒါက ငါ့ရဲ့ ဆန္ဒပါပဲ" လုချန်က ပြောလိုက်သည်။။။

လော့ချန်ဝေက သူ့အပေါ် စိတ်နှလုံး ဖွင့်ဟလာသည်ကို မြင်ရသဖြင့် သူ ဝမ်းသာမိသည်။ ဤသို့ ယုံကြည်ခံရခြင်းမှာ စိတ်ချမ်းသာစရာ ကောင်းလှသလို ချိုမြိန်လှပေသည်။ ထို့နောက် သူတို့က တစ်နေ့ခင်းလုံး မြို့ထဲတွင် လည်ပတ်ကြသည်။ လမ်းဘေး အစားအသောက်အချို့ကို မြည်းစမ်းကြည့်ကြသလို စတားဒူး အကယ်ဒမီသို့လည်း သွားခဲ့ကြသည်။ ကျောင်းဝင်းကြီးမှာ အလွန်ကျယ်ဝန်းလှသည်။ ဤနေရာမှာ လော့ချန်ဝေ ကျောင်းတက်ရမည့် နေရာပင် ဖြစ်သည်။ ထို့နောက်တွင်မူ သူတို့က မဟာမိတ်အဖွဲ့၏ သုတေသန ဌာနချုပ်ရှေ့တွင် ရပ်လိုက်ကြတော့သည်။

***